# အမှာစာ

**ဒေါက်တာကျော်ဝင်း**

ကုန်းဘောင်ခေတ်သည် ရာဇဝင်ကျမ်းများစွာ ပြုစုခဲ့သောခေတ်ပင် ဖြစ်သည်။ ထိုရာဇဝင်ကျမ်းများတွင် တွင်းသင်းတိုက်ဝန်ပြုစုခဲ့သော ‘ရာဇဝင်သစ်’ သည် ထိပ်တန်းက ပါဝင်ခဲ့သည်။ ရာဇဝင်သစ်ကိုရေးသားသူ တွင်းသင်းတိုက်ဝန် မဟာစည်သူသည် အလုံမြို့ ဗဒုံတိုက်နယ် အပါအဝင် မောင်းထောင်ရွာဇာတိဖြစ်ကြောင်း-သိရှိရသည်။ ငယ်မည်မှာ ‘မောင်ထွန်းညို’ ဖြစ်သည်။ မောင်ထွန်းညိုသည် ငယ်စဉ်ကပင် သာသနာ့ဘောင်သို့ ဝင်ရောက်ကာ စာပေပရိယတ္တိများကို ကြိုးစားသင်ယူခဲ့သည်။ သာမဏေဘဝမှ ရဟန်းဘဝသို့ ရောက်သောအခါ ပျို့၊ လင်္ကာ၊ ကဗျာ၊ ဓမ္မသတ် အစရှိသည်တို့ကို ဝါသနာအထူးထုံသဖြင့် မနုဓမ္မသတ်ရွှေမျဉ်းလင်္ကာ၊ မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ၊ ဓမ္မသတ်လင်္ကာ၊ ဝိဘစ္စဋ္ဌပိတခွဲထားသတ်ပုံတို့ကို ရေးသားခဲ့သည်။

ဦးထွန်းညို၏ ရဟန်းဘွဲ့မှာ ‘ရှင်လင်္ကာသာရ’ ဖြစ်သည်။ ရှင်လင်္ကာသာရသည် ဟံသာဝတီရောက်မင်းတရားကြီးလက်ထက်တွင် ရွှေကန်ကျောင်း (ညောင်ကန်ရွာ)၌ ပညာဆည်းပူးခဲ့သည်။ ရဟန်းဝါတော် အသင့်ရသောအခါ ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ်ဖြင့် မောင်းထောင်ရွာ၌ ကျောင်းထိုင်ပြီး စာပေပရိယတ္တိများကို တပည့်များအား ပို့ချခဲ့ကြောင်း သိရှိရသည်။

အလောင်းမင်းတရားကြီး ရတနာသိင်္ဃ ကုန်းဘောင်နေပြည်တော်ကို တည်ထောင်သောအခါ ရှင်လင်္ကာသာရသည် လူထွက်၍ ဘုန်းတော်ရိပ်ကို ခိုလှုံသည်။ အလောင်းမင်းတရားကြီးက သားတော်ဗဒုံမြို့စားမင်းသား (ဘိုးတော်ဘုရား)ထံတွင် အကြီးတော်အရာဖြင့် ထမ်းရွက်စေသည်။ ဘိုးတော်ဘုရား အထွတ်အမြတ်သို့ရောက်သောအခါ ‘မဟာသင်္ခယာ’ ဘွဲ့ဖြင့် ကျီဝန်ရာထူးကို ရရှိသည်။ ထိုနောက်- ပုခန်းမင်းကြီးမရှိလျှင် ပုခန်းမင်းကြီးနေရာသို့ တိုးမြှင့်ခန့်အပ်၍ ပတ္တမြား ၃ ရစ်စီတောင်ဝှေး စသည်တို့ကို ပေးအပ်ခြင်းခံရကြောင်း သိရ သည်။ အိုမင်းသောအခါ တံခါးနီအထိ ပေါင်းယာဉ်စီး၍ ဝင်ခွင့်ရခဲ့သည်။

ဗဒုံမင်းသည် တွင်းသင်းတိုက်ဝန်မဟာစည်သူကို ယုံကြည်အားထားပုံရသည်။ ဦးထွန်းညိုကို ‘တွင်းသင်းတိုက်ဝန်’ ဟူ၍လည်းကောင်း၊ ‘တွင်းသင်းမင်းကြီး’ ဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။ ရှေးအခါက မြန်မာတို့ မူလပထမနေထိုင်ရာကို ‘ခရိုန်’-ဟုခေါ်ဆို၍၊ တိုးချဲ့နေထိုင်ရာအရပ်ကို ‘တိုက်’-ဟု ခေါ်တွင်သည်။ နောက်ထပ် သိမ်းယူသောနေရာများကို ‘နိုင်ငံ’ ဟု ခေါ်တွင်ကြောင်း သိရှိရသည်။ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် တိုက်သည် မြို့ထက်ကြီးသည်။ ဦးထွန်းညိုတို့ခေတ်က တိုက်ဝန် ၇ ဦးထားရှိ၍ တိုက် ၇ တိုက်ကို အုပ်ချုပ်စေကြောင်း သိရှိရသည်။ တိုက်ဝန် ၇ ဦးအနက် တွင်းသင်းတိုက်ဝန်သည် ဩဇာအာဏာ အရှိဆုံး ဖြစ်သည်။ သို့ဖြစ်၍ တွင်းသင်းတိုက်ဝန်ကို ဗဒုံမင်း ယုံကြည်ကိုးစားကြောင်း သိရှိနိုင်ပါသည်။ မဟာစည်သူသည် ဗဒုံမင်းနှင့်အတူ မင်းကွန်းနန်းတော်တွင် အမှုထမ်းရွက်နေစဉ် မင်းကွန်းအရပ်၌ပင် အိုမင်းသောရောဂါဖြင့် အသက် ၈၀ ကျော်တွင် အနိစ္စရောက်သည်။

မဟာစည်သူမကွယ်လွန်မီ စာပေများစွာကို ပြုစုသွားခဲ့သည်။ ပျို့၊ မော်ကွန်း၊ ဧချင်း၊ လူးတား၊ ရတုများ၊ တွင်းသင်းသတ်ညွှန်းသစ် စသည်တို့ ဖြစ်သည်။ ထို့ပြင် ကုန်းဘောင်ခေတ်တွင် အရေးပါသော ရာဇဝင်ကျမ်းတစ်ခုဖြစ်သည့် **ရာဇဝင်သစ်**ကိုလည်း ပြုစုခဲ့သည်။ ရာဇဝင်သစ် ရေးရသည့်အကြောင်းရင်းမှာ ရှေးကရေးပြီးဖြစ်သော ရာဇဝင်တို့သည် ကျောက်စာပါအချက်အလက်တို့နှင့် မညီညွတ်၍ ဗဒုံမင်းက အမိန့်တော်နှင့် ရေးစေသောကြောင့် ဖြစ်သည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ရာဇဝင်သစ်နိဒါန်းတွင် ဦးထွန်းညိုက

‘ရတနာ ၃ ပါးအားရှိခိုးပြီး၍ ရှေးပညာရှိတို့စီရင်ခဲ့သော ရာဇဝင်တို့၌ ကျောက်စာ၊ သံပိုင်း စသည်တို့နှင့် မညီ၊ ပျက်စီးယိုယွင်း မသန့်မရှင်းရှိသည်ကို ငါတို့ရွှေနန်းရှင် ဆင်ဖြူများရှင် မင်းတရားသည် မြင်တော်မူ၍ ‘ကျောက်စာ၊သံပိုင်းနှင့် ညီညွတ်အောင် မဟာစည်သူ ရာဇဝင်သစ် ထိုးဘိ။’-ဟု အမိန့်တော်ရှိ၍၊ ကျောက်စာ၊သံပိုင်း စသည်တို့နှင့် ညှိနှိုင်းဆင်ခြင်၍ ယခုအခါ ရာဇဝင်သစ် ထိုးပေအံ့။’-ဟူ၍ ဖော်ပြထားပါသည်။

မဟာစည်သူ၏ တွေးခေါ်ပုံ၊ ရေးသားပုံတို့မှာ လွန်စွာခေတ်ရှေ့ပြေး၍ ယခုခေတ်သစ်တွင် အထောက်အထားကို အဓိကထားကာ ရေးသားတတ်ကြသော ရာဇဝင်ဆရာတို့၏ချီးမွမ်းခြင်းကို ခံရသည်။ ဦးထွန်းညိုသည် ဗဒုံမင်းအမိန့် တော်ရှိသည့်အတိုင်း ရာဇဝင်သစ်ကို ရေးသားရာ၌ တတ်နိုင်သမျှ ကျောက်စာနှင့် ခေတ်ပြိုင် အထောက်အထားတို့ကို ကိုးကားကြောင်း တွေ့ရှိရသည်။

သာဓကအားဖြင့် ဦးထွန်းညိုက ‘အစောမြတ်စွာနော်ရထာသည် မွန်မင်း၊ မြမ္မာမင်းတို့နှင့် အသင့်ကျင့်၍ သက္ကရာဇ် ခုနစ်ရာ သုံးဆယ့်သုံး (၇၃၃) တွင် မုဂံရွှေစည်းခုံဘုရားရှင်အတွက် အောက်ကြာခံ၊ ကြာပတ်၊ ထီးဖြူ၊ ကျွန်သီးလှူသည်ဟု ကျောက်ရေးဆရာတို့ ဆိုကုန်သည်။’-ဟူ၍ ကျောက်စာ အထောက်အထားဖြင့် ဆိုခဲ့သည်။

သို့ရာတွင် ဦးထွန်းညို၏အားနည်းချက်မှာ ကျောက်စာကို ကိုးကားရာ၌ ကျောက်စာစာရင်းကို အတိအကျမဖော်ပြသဖြင့် လေ့လာသူတို့အတွက် အခက်တွေ့စေသည်။ ယင်းအားနည်းချက်ကလွဲလျှင် ဦးထွန်းညိုသည် ခေတ်ဟောင်းရာဇဝင်ဆရာများအနက် သမိုင်းရေးသားရာတွင် စာ၏တန်ဖိုးကို ပထမဦးဆုံးသိရှိသူအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

ဦးထွန်းညိုသည် ရာဇဝင်သစ်ကို ရေးသားရာတွင် ခေတ်ပြိုင် ပျို့၊ ကဗျာ၊ ဧချင်းများကိုလည်း သက်ဆိုင်သည့်အခန်းများတွင် ကိုးကားဖော်ပြခဲ့သည်။ ဥပမာအားဖြင့် မင်းတရားရွှေထီး ပြည်မြို့ကို လုပ်ကြံသည့်အခန်းတွင် ပြည်ဘုရင်ဘက်က အုန်းပေါင်စော်ဘွား စစ်ကူလာကြောင်းကို ‘အုန်းပေါင်စော်ဘွား၊ ဝပ်လျားဦးတိုက်၊ ခေါင်းဖြင့်ဆိုက်၏၊ ကျော်လှိုက်ဆူဝေ၊ ကျွန်းသပြေထက်၊ ပရမေသီရို၊ ရွှန်းရွှန်းညိုသား၊ နရပတိစောထီး ရှင့်ဦးရီး။’-ဟူ၍ မင်းတရားရွှေထီးမယ်တော်ဧချင်းမှ ကိုးကားဖော်ပြခဲ့သည်။

ဦးထွန်းညိုသည် ရှေးစကားပင်ဖြစ်သော်လည်း အသွားအလာမညီညွတ်လျှင် ဖော်ထုတ်ဝေဖန်လေ့ ရှိသည်။ သာဓကအားဖြင့်- မင်းကြီးစွာစော်ကဲ၏အနွယ်ကို ဖော်ပြရာ၌ ဦးကုလားနှင့် ပဒေသရာဇာ၏အမှားများကို ‘ထိုသို့ ရာဇဝင်ဆရာကြီးတို့ အဆိုရှိသည်ကိုလိုက်၍ စာဆိုပဒေသရာဇာလည်း အထောက်အထားမရှိ၊ ဟံသာဝတီရောက်မင်းတရားသမီးတော် မင်းရတနာဧချင်းတွင် ‘ကျော်စွာသည်းချာ၊ ဆင်းသူဇာနှင့်၊ ဆင်းဝါလှခြင်း၊ တောင်တွင်းရွှေမြေ၊ နေသည်ထင်ရှား၊ သူကောင်းသားလျှင်၊ ခေါင်းပါးတဏှာ၊ ရှင်ဖြစ်ရာက၊ ဝါသနာထုံ၊ ကံဟောင်း ကြုံ၍၊’ စသည်ဖြင့် ထပ်၍ အမှားစပ်ဆိုမိလေသည်။ ထိုသို့အမှားဆိုသည်ကိုပင် အမှန်ထင်မှတ် ကြ၍ ပဒေသရာဇာသည် ဆရာကြီးဖြစ်ပေသည်ဟု စွဲလမ်းမိရာ မပစ်မပယ် ယူမှားကြသည်ကား အဝတစ်မြို့လုံးပင်တည်း။’-ဟု ပြတ်သားစွာ ဖော်ထုတ်ခဲ့သည်။

ထိုသို့ လက်ခံနိုင်ဖွယ်မရှိသော အကြောင်းအရာများကို တွေ့ရှိသောအခါ ဦးထွန်းညိုသည် မည်မျှ အတိုက်အခံများပါစေ ဖော်ထုတ်လေ့ရှိသောကြောင့် သူကွယ်လွန်ပြီးနောက်ပိုင်းတွင် သူ့ကို ဝိုင်းပယ်ကြသည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးကို ရေးသားသောအခါ ပညာရှိများ အစုံအလင်ပါဝင်သည်။ သို့ရာတွင် ဗဒုံမင်းလက်ထက်အကြောင်းကို မှတ်တမ်းတင်သောအခါ ဦးထွန်းညိုအကြောင်းကို လုံးဝဖျောက်ထားကြသည်။

ဦးထွန်းညိုသည် ရဲဝံ့သည်၊ ပြတ်သားသည်၊ မှန်ရာကို ရဲရဲဝံ့ဝံ့ဆိုရဲသော သတ္တိရှိသူဖြစ်သည်။ သူ၏ကျော်ကြားသော ‘တွင်းသင်းမဟာရာဇဝင်သစ်’ တွင် ဤအဆိုပြုချက်ကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။

‘ရာဇဝင်သစ်ကို ဘုရင့်အမိန့်တော်အရ ရေးသားသော်လည်း နောင်မင်းများက အသိအမှတ်ပြုသောရာဇဝင် မဟုတ်ပေ။ ရာဇဝင်သစ်သည် ကျောက်စာနှင့် ခေတ်စာပေများကို ကိုးကားဖော်ပြသောကြောင့် မြန်မာစာပေသမိုင်းတွင်လည်း အရေးကြီးသော အထောက်အထားတစ်ခု ဖြစ်လာသည်။ ဤအဖိုးတန်လှသောရာဇဝင်သစ်ကား ပေမူအဖြစ် နှစ်အတန်ကြာ ပုံမနှိပ်ဖြစ်ခဲ့ပေ။ ၁၉၆၈ ခုနှစ်တွင်မှ ဦးမြင့်ဆွေတည်းဖြတ်ပြီး မဇ္ဈိမဒေသမင်းဆက်မှ ပထမ အင်းဝခေတ်အထိပါဝင်သော တွင်းသင်းမဟာရာဇဝင်သစ် ပထမတွဲကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ မကြာမီမှာပင် သမိုင်းပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်း၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တက္ကသိုလ် သမိုင်းဌာန မဟာဝိဇ္ဇာကျမ်းပြုပုဂ္ဂိုလ် ၂ ဦးတည်းဖြတ်သော ‘တွင်းသင်းရာဇဝင်သစ် ဒုတိယတွဲနှင့် တတိယတွဲ’ ထုတ်ဝေခဲ့သည်။ ဒုတိယတွဲမှာ တောင်ငူခေတ်၊ တတိယတွဲမှာ ညောင်ရမ်းခေတ်တို့ ပါဝင်သည်။

တွင်းသင်းရာဇဝင်သစ်ကို အတွဲလိုက်သာ ထုတ်ဝေခဲ့ဖူးပြီး ၃ တွဲလုံး ပုံနှိပ်ထုတ်ဝေခဲ့ခြင်း မရှိသေးပါ။ ယခုအခါတွင် ပန်းရွှေပြည်စာအုပ်တိုက်က ဦးရွှေသိမ်းမင်း၏ကျေးဇူးကြောင့် ‘တွင်းသင်းရာဇဝင်သစ် ၃ တွဲလုံး’ကို တစ်အုပ်တည်းဖြင့် ဖတ်ရှုလေ့လာနိုင်တော့မည် ဖြစ်သည်။ ‘တွင်းသင်းရာဇဝင်သစ်’သည် နိုင်ငံ့သမိုင်းနှင့် မြန်မာစာပေသမိုင်းအတွက် ယုံကြည်စိတ်ချစွာ အထောက်အထားပြုလောက်သည့် ရာဇဝင်ဖြစ်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါသည်။

**ဒေါက်တာကျော်ဝင်း**
ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)
သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်